စီစဥ်သူ - မောင်မေခ



ဟန်သုဒေါ်

# စိတ်ကမ္ဘာထဲက လူ

(ဝတ္ထုတိုစုစည်းမှု)

# ဆရာမကြူကြူသင်း၏ မုဒိတာ ဥယျာဇဉ်

စာအုပ်တစ်အုပ်အတွက် အမှာစာရေးရခြင်းကို ကျွန်မ အလွန် လက်တွန့်ပါသည်။ '' အမှာစာ '' ရေးပေးလျှင် ကောင်းသည့်အချက်တွေကို ချည်းထုတ်ဖော် ချီးမွမ်းသင့်သည်လား…။ လိုအပ်ချက်များကိုရော ဖော်ညွှန်းပြသသင့်သည်လား…။ သည်နှစ်ချက်ကို ကျွန်မ တွေးမိပါသည်။ ပထမအချက်ကိုမူတည်၍ ဦးစားပေး ရေးသားလိုက်ပါက စာရေး သူ စိတ်ပျော်ရွှင်၍ အားတတ်မည်။ ဒုတိယအချက်ကို ဗဟိုပြု၍ ရေးသား လိုက်ပါက စာရေးသူ စိတ်ဓာတ်ကျပြီး အားလျော့ပေမည်။ နှစ်မျိုးစလုံးမှာ စေတနာကို အရင်းခံထား၍ ရေးသားခြင်းသာဖြစ်သည်ဟု ကျွန်မယူဆ ပါသည်။

စာရေးသူ '' ဟန်သုသော် '' ကိုယ်တိုင်ကရော မည်သို့သော အမှာစာ ကို အလိုရှိပါလိမ့်မည်နည်း။ ထို့ကြောင့် ကျွန်မ အထပ်ထပ် စဉ်းစားမိ သည်။ '' ဟန်သုသော် '' ကို ပျော်ရွှင် အားတက်စေမည်လား။ စိတ်ကျ အားလျှော့စေမည်လား။ ထိုနှစ်ခုထဲက တစ်ခုကို ကျွန်မ ရွေးချယ်ရပေတော့ မည်။

ဟန်သုသော်၏ '' စိတ်ကမ္ဘာထဲက လူ '' ဝတ္ထုတို စုစည်းတင်ဆက်မှု စာအုပ်တွင် ဝတ္ထုတို(၁၅)ပုဒ် ပါဝင်သည်။ ထို(၁၅)ပုဒ်လုံးကို ပထမအကြိမ် ဖတ်သည်။ ရင်ကို တစ်ကြိမ်တည်းနှင့် ထိသည့် ဝတ္ထုတိုများကို တေးမှတ် ထားလိုက်သည်။ ဒုတိယအကြိမ် ထပ်ဖတ်သည်။ သည်တစ်ကြိမ်တွင် တစိမ့်စိမ့်တွေးမှ ထင်ရှားစွာပေါ်လာသော အသိအမြင်တိုးစေသည့် ဝတ္ထု တိုများကို တွေ့လာရသည်။ သိသိမှတ်မှတ် ဖြစ်ရပြန်သည်။ တတိယ အကြိမ် ဖတ်လိုက်ချိန်တွင်မူ '' ဟန်သုသော် '' ၏ ရသဖန်တီးမှုနှင့် ဇာတ် ကောင်စရိုက်ပုံဖော်မှုများက ကျွန်မရင်တွင်ဝယ် စွဲစွဲငြိငြိ နေရာယူပြီး ဖြစ် ကြောင်း သတိပြုမိပါသည်။

ထိုအချက်များကြောင့် '' ဟန်သုသော် '' ဝတ္ထုတို ရေးတတ်ပြီ၊

ကျွမ်းကျွမ်းကျင်ကျင်ကို ရေးတတ်နေပြီဟု ကျွန်မ အကဲဖြတ်လိုက်မိပါ သည်။

မပြေလည်သော ဘဝ၊ ခက်ခဲစွာ ရုန်းကန်ရသော ဘဝ၊ အနာဂတ် မလှပသောဘဝ စသည့် ဘဝအထွေထွေကို စာရေးခြင်း အတတ်ပညာဖြင့် ခပ်ပါးပါး သရုပ်ဖော်ထားသည့် ဝတ္ထုတိုများကိုလည်း တွေ့ရသည်။

'' ဒဏ်ရာများနဲ့ ဥယျာဉ်မှူး၊ ရောင်စုံ ပန်းပွင့်လေးများ၊ စိတ်ကမ္ဘာ ထဲက လူ '' စသည့် ဝတ္ထုတိုများကို လေ့လာကြည့်က တွေ့ရှိနိုင်ပါသည်။'' သုည၊ သားကြွေး သမီးကြွေး၊ အသိုက်မဲ့ ငှက်ငယ် '' စသည့် ဝတ္ထုတို များ၏ ထိလုံး၊ ငြိလုံး အလှည့်အပတ်တို့က စာဖတ်သူများကို ကူးစက် ခံစားစေနိုင်သောကြောင့် '' ဟန်သုသော် ''၏ စာအရေးအဖွဲ့ ကျွမ်းကျင်မှုကို သက်သေပြနေသည်ဟု ဆိုချင်ပါသည်။

'' အဖေနှင့်တူသော လူ၊ အရီးနှင့် ကျွန်တော်၊ အပျိုကြီးမမ '' စသည့် ဝတ္ထုတိုများမှာ ဇာတ်ကောင်စရိုက် ပေါ်လွင်လှပြီး စာရေးသူ ဖန်တီး ထားသော ဇာတ်ကောင်များက စာဖတ်သူကို အပြုံးတစ်စဖြင့် ဆွဲခေါ် သွားကြသည်။

ယခုကဲ့သို့ ဝတ္ထုတိုများ၏ အမည်ကို ထုတ်ဖော် ရေးသားလိုက် သဖြင့် ထိုဝတ္ထုတိုများသာ စံမီတန်းဝင် ဝတ္ထုတို ပီပြင်သည်ဟု ဆိုလိုရင်း မဟုတ်ပါ။ ကျန်ဝတ္ထုတိုများသည် ဟန်သုသော်၏ ရင်တွင်း စေတနာ၊ စာဖတ်နာသည့် ဝမ်းစာ၊ အရေးအဖွဲ့ ပိုင်နိုင်မှုစသည့် အရည်အသွေး ကောင်းများကို တွေ့ရှိနိုင်ပါသည်။

ဝတ္ထုတိုပုံစံ ကျကျ၊ ရသ အားရှိရှိ၊ ရည်ရွယ်ချက် ကောင်းကောင်းဖြင့် ရေးတတ်နေပြီဖြစ်သော '' ဟန်သုသော်'' အတွက် မုဒိတာ ပွားမိသည်မှာ ကျွန်မ၏ သစ္စာစကားပင် ဖြစ်ပါသည်။ စာဖတ်သူများလည်း ကျွန်မနှင့် သဘောထားချင်း ထပ်တူနီးပါး ကျလိမ့်မည်ဟု ယူဆမိပါသည်။

ထို့ကြောင့် ဟန်သုသော် တောင်းခံသော အမှာစာသည် အရည် အချင်းရှိသော သားတစ်ယောက်အတွက် ကြည်နူး ပီတိဖြစ်နေရသည့်

မိခင်တစ်ယောက်၏ '' မုဒိတာ ဥယျောဇဉ် '' သာ ဖြစ်ခဲ့ရပါတော့သည်။

**ကြူကြူသင်း**

**၁၅. ၁. ၁၅**

*

# ဆရာမ မစန္ဒာ၏ မေတ္တာ ဥယျောဇဉ်

ကြီးသူက ငယ်သူကို လက်တွဲ ဖေးမ လက်တွဲခေါ်ယူခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်ပါသည်။

ကျွန်မငယ်စဉ်က ကိုယ်ရေးသော ဝတ္ထုစာမူလေးများကို အတင်း ထိုးပေးကာဆရာ ဆရာ့ကြီးများထံမှ အမှာစာများကို လိုက်လံတောင်းခံခဲ့ ဖူးပါသည်။ ဆရာကြီးများ၏ မေတ္တာနှင့် စေတနာကို နွေးနွေးထွေးထွေး ရယူ ခံစားခွင့်ကိုလည်း ရရှိခဲ့သည်။ အချိန်များသည် လျှင်မြန်စွာ ကုန်ဆုံး သွားခဲ့သည်။ ယခုအခါတွင်ကား ကျွန်မသည် မိမိ၏ မေတ္တာနှင့် စေတနာ ကို ပြန်လည် ဖြန့်ဝေပေးရမည့် အသက်အရွယ်သို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ဖွင့်လှစ်ခဲ့သော စာရေးနည်း လမ်းညွှန်းသင်တန်း (၃ /၂၀၁၂ )တွင် လူပုံ ပျော့ပျော့၊ မျက်နှာထား ချို ချိုနှင့် သင်တန်းသား လူငယ်တစ်ဦးကို သတိထားခဲ့မိသည်။

သူက ကျွန်မကို အခြားသင်တန်းသား/သူများကဲ့သို့ '' ဆရာမ '' ဟု မခေါ်ဘဲ '' အမေ '' ဟု ခေါ်သောကြောင့် ထူးခြားနေသည်ကတော့ အမှန်ပင်။

သူက အနုပညာနယ်တွင် အစိမ်းသက်သက် မဟုတ်ဘဲ လက်စ လက်နရှိသူတစ်ဦးဖြစ်ကြောင်းကို သူ ရေးသားထုတ်ဝေပြီးဖြစ်သော လုံး ချင်းဝတ္ထုရှည်များနှင့် ဝတ္ထုတိုများက သက်သေထူနေသည်။ သူ ရေးသား ထားသော ဝတ္ထုတိုများကို ဖတ်ကြည့်မိသောအခါတွင်လည်း အနုပညာ ဓာတ်ခံရှိကြောင်း၊ အလားအလာကောင်းကြောင်းကို အကဲခတ်မိသဖြင့် ကျွန်မ ဝမ်းသာရပါသည်။

စာရေးဆရာများသည် အကြောင်း အမျိုးမျိုးကြောင့် စာရေးရသည် ဟု ဖတ်ခဲ့ရ မှတ်ခဲ့ရဖူးပါသည်။ မိမိ တော်ကြောင်း တတ်ကြောင်းကို သချင်စေသော အတ္တကြောင့်၊ မိမိ ခံစားမှုကို မျှဝေချင်သောကြောင့်၊ တစ်စုံ တစ်ခုသော အကြောင်းအရာကို မှတ်တမ်းတင်ချင်သောကြောင့်၊ လောက ကြီး၏

အဆင်မပြေမှုများကို သရော် ရယ်မောချင်သောကြောင့် စသည့် စသည့် အခြေခံအကြောင်းအရာများစွာ ရှိကြသည်။ မည်သည့် အ ကြောင်းကြောင့် ရေးသည်ဖြစ်စေ၊ စာရေးဆရာ အားလုံးတွင် တူညီသော အချက်ကတော့ တစ်စုံတစ်ခုကို ပြောပြလိုခြင်းပင် ဖြစ်သည်။

ဟန်သုသော်၏ '' စိတ်ကမ္ဘာထဲက လူ '' အမည်ရ ဝတ္ထုတို စုစည်းမှု စာအုပ်တွင် ဝတ္ထုတို (၁၅)ပုဒ်ကို စုစည်းထားသည်ကို တွေ့ရသည်။ ထို ဝတ္ထုတို (၁၅)ပုဒ်တွင် မတူညီသော အကြောင်းအရာ (၁၅) ပုဒ်ကို တစ်ပုဒ် နှင့် တစ်ပုဒ် မရိုးရလေအောင် ရေးဖွဲ့ထားပါသည်။

ဇနီးဝတ္တရား မကျေပွန်သော ဇနီးသည် တစ်ဦး၏ အကြောင်းကို

'' မှားလား '' ဝတ္ထုတွင် ရေးခြယ်ထားသည်။ စာဖတ်သူများကို ''မှားလား''

ဟု လှမ်း၍ မေးထားသည့်အတွက် မှားလား၊ မှန်လားကို ဆက်လက်ပြီး အတွေးပွားစေခဲ့သည်။

ကျောင်းချိန် ပြင်ပတွင် ကျူရှင်သင်သော ဆရာ၊ ဆရာမတို့ကို အမြင် မကြည်သူများထဲတွင် ကျွန်မလည်း တစ်ဦးအပါအဝင် ဖြစ်သည်။ '' ဒဏ်ရာများနဲ့ ဥယျဉ်မှူး '' ဝတ္ထုတိုထဲမှ ဆရာမလေးက '' ကျူရှင်ကို မသင်ချင်ပါဘူး။ ကျူရှင်သင်ရတာ ပင်ပန်းလွန်းလို့။ အမှန်ပြောရရင် ငွေလိုချင်လွန်းလို့သာ ကိုယ်ပိုင်အချိန်တွေကို ရောင်းစားထားရတာ ပါ '' ဟု ညှိုးငယ် တိုးလျစွာ ပြောလာသည်။ မိမိကိုယ်တိုင်လည်း ကုန်ဈေးနှုန်း

ဒဏ်ကို ခါးစည်း၍ ခံနေရသူဖြစ်သောကြောင့် စာဖတ်သူ ကျွန်မခမျာမှာ လည်း အတွေးများနှင့် ငေးမောနေမိပါသည်။

'' စိတ်ကမ္ဘာထဲက လူ '' မှာတော့၊ ကေတီဗွီဆိုလေတိုင်း မကောင်း မှုများ ကျက်စားရာနေရာဟူ၍ အထင် မသေးသင့်ကြောင့်ကို ဟန်သုသော် က

ရှေ့နေလိုက်ထားသည်။ '' အသိုက်မဲ့ ငှက်ငယ် '' တွင် သူတစ်ပါး၏ အိမ်ထောင်ကို ဖျက်စီးခဲ့မိသော ဒုတိယဇနီး၏ သားငယ်ကို တွေ့ရသည်။ '' လင်ခိုးမသား '' ဟု အခေါ်ခံရပြီး ဖခင်မေတ္တာကို ငတ်မွတ် ဆာလောင်နေ သော ကလေးငယ်တစ်ဦး၏ ရင်ထဲက ဝေဒနာကို တွေ့မြင်ခဲ့ရသည်။'' လှေကလေး၏ ပဲ့ကိုင်ရှင် '' မှာတော့၊ သားသမီးများကို ကိုယ်လို ရာပုံစံသို့ အတင်းသွက်သွင်းတတ်သော မိဘများကို သတိပေးထားသည်။ မိဘတိုင်း သတိပြုဖွယ်ပင် ဖြစ်သည်။

'' သားကြွေး သမီးကြွေး '' ဟူသော ဝတ္ထုတိုလေးကတော့၊ တစ်မျိုး ချစ်စရာကောင်းလှသည်။ တောရွာမှာနေ၍ တောင်သူလုပ်ငန်းကို လုပ်ကိုင် ပြီး သားသမီးငါးဦးကို ပညာသင်ကြားပေးနေသော မိခင်တစ်ဦး၏ မေတ္တာ၊ သောကနှင့် ဒုက္ခတို့ကို ရေးသားထားသည်။ သို့သော် ညည်းညည်း ညူညူ ရေးသည် မဟုတ်ဘဲ ခပ်ရွှင်ရွှင်လေး ရေးသားထားသည်မို့ ဖတ်နေရင်းပင် ပြုံးမိပါသည်။

'' အရီးနှင့် ကျွန်တော် '' ဝတ္ထုတိုတွင်ကား မပြင်မဆင် ခပ်ရိုးရိုး နေတတ်သော်လည်း ထက်ထက်မြက်မြက်ရှိလှသော ကျေးလက်မိန်းမသား တစ်ဦး၏ ဘဝအားမာန်ကို တွေ့လိုက်ရသည်။ ပျောက်ကွယ်လုနီးပါးဖြစ် သော '' အရီး '' ဟူသော အခေါ်အဝေါ်ကို ပြန်တွေ့ရ၍ စာဖတ်နေရင်း ပင် ကျေနပ်မိပါသည်။

'' အပျိုကြီးမမ နှင့် အဖေနှင့်တူသော လူ '' ဝတ္ထုနှစ်ပုဒ်ကတော့၊ စာရေးသူ ဟန်သုသော်က ပြုံးလျှက်သား၊ ရယ်လျှက်သားနှင့် ရေးသားခဲ့ ဟန်တူသည်။ စာဖတ်ရင်းပင် ကျွန်မ ပြုံးမိ ရယ်မိပါသည်။ စာတစ်ပုဒ် (သို့) စာတစ်ပိုဒ် ပြီးဆုံးအောင် ဖတ်မိလေတိုင်း ကျွန်မသည် စာရေးသူ၏ နှလုံးသားထဲက စိတ်ကောင်း စေတနာကိုမြင်အောင် လှမ်းမျှော်ကြည့်တတ် သော အကျင့်တစ်ခုရှိပါသည်။

ယခုလည်း ဟန်သုသော်၏ ဝတ္ထုတို (၁၅)ပုဒ်ကို တစ်ပုဒ်လျှင် အနည်းဆုံး နှစ်ခေါက် သုံးခေါက်စီမျှလောက် ဖတ်ရှုပြီးစီးသောအခါ ''ဟန်သုသော်''၏ ရင်တွင်းကို လှမ်းမျှော်ကြည့်မိသည်။

'မှားလား' ဝတ္ထုတိုလေးသည် စာဖတ်သူများကို တိုင်တည်လိုသော ဆန္ဒ၊ ပုဏ္ဏားတိုင် ပြုလိုသောစိတ်နှင့်ရေးသည်ဟု ကျွန်မယူဆမိသည်။

ကျုန်ဝတ္ထုတို (၁၄)ပုဒ်သည်ကား အားနည်းသူဖက်က ရပ်တည်ကာ စာနာသော နှလုံးသား၊ ကိုယ်ချင်းစာသော စိတ်နှင့် ရေးသည်ဟု ကျွန်မ ပြောကြားလိုပါသည်။ စာရေးသူ၏ စိတ်ကောင်း၊ စေတနာကောင်းသည်

သူ ရေးသားထားသော စာကို အရောင်လှလှ ခြယ်ပေးလေ့ရှိသည်ဟု ကျွန်မ ခံစားပြီး သိရသည်။

မည်မျှပင် စာအရေးအသား ကောင်းမွန်ပြီး ဖန်တီးမှု အတတ်ပညာ ကျွမ်းကျင်မှု ရှိနေပါစေ၊ စာရေးသူ၏ စိတ်ထဲတွင် ဒေါသနှင့် အာဃာတ ကဲနေလျှင် ဖတ်ရသည်မှာ ပူပူလောင်ဖြစ်နေတတ်သည်။

'' ဟန်သုသော် '' ကို စာအရေးအသား ကျွမ်းကျင်လှသူဟု ကျွန်မ မပြောကြားလိုသေးပါ။ သူ၏ ဝတ္ထုတိုလေးများထဲတွင် အားနည်းချက် တချို့တလေကို တွေ့ရသည်။ ဒီထက်ပိုပြီး ကောင်းမွန်အောင်၊ ရသမြောက် အောင် ရေးသားနိုင်စွမ်းရှိကြောင်းကိုလည်း ကျွန်မ၏ စိတ်ထဲကနေ သူ့အ လိုလို သိနေပါသည်။

စာရေးသူဟူသည်မှာ အတွေးကောင်းရပါမည်။

အတွေးကောင်းရုံမျှ သာမက စာအရေးအသားလည်း ကောင်းမွန်ရ ပါမည်။ အရေးအသားထဲတွင်လည်း စိတ်၊ စေတနာကောင်းများလည်း ပါဝင်ရပါမည်။

ဟန်သုသော်သည် အတွေးကောင်းပါသည်။ စာအရေးအသားလည်း ကောင်းမွန်ပါသည်။ ဝတ္ထုတိုတိုင်းတွင် စိတ် စေတနာကောင်းများ ပါဝင် နေသည်ကိုလည်း အကဲခတ်မိပါသည်။ ထို့ကြောင့် ပို၍ တွေးပါ၊ ပို၍ ကြိုးစား အားထုတ်ပါဟု သားငယ် ဟန်သုသော်အား ကျွန်မ တိုက်တွန်း ပြောကြားလိုပါသည်။

အောင်မြင်မှု လမ်းကြောင်းပေါ်တွင် စတင် လျှောက်လှမ်းနေပြီဖြစ် ၍ တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းရန် မလိုအပ် ဟူ၍ ကျွန်မ ယူဆမိသည်။ ထို့ကြောင့် ပို၍ တွေးပါ၊ ပို၍ ကြိုးစားပြီး ပို၍ ကောင်းသောစာများကို အဆက်မပြတ် ရေးသားနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**မေတ္တာဖြင့်**

**မစန္ဒာ**

**၁၂.၁.၁၅**

*

# စာရေးသူ၏ ရင်ဖွင့်သံ

စာဖတ် ပရိသတ်များနဲ့ စာပေချစ်မြတ်နိုးသူများကို ကျွန်တော့်ရဲ့ စာရေးသူဘဝ ဖြတ်သန်းမှုအချို့ကို ရင်ဖွင့်ချင်ပါတယ်။

အခု " စိတ်ကမ္ဘာထဲက လူ " ဝတ္ထုတိုများ စုစည်းမှု စာအုပ်က ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံး စာပေလက်ရာများပဲ ဖြစ်ပါတယ်။ စာရေးသူတစ်ဦးဖြစ်ဖို့အတွက် ခွန်အားများ၊ တွန်းအားများနဲ့ ယုံကြည်ချက်များကို ပေးစွမ်းခဲ့တဲ့ ဝတ္ထုတိုများပဲ ဖြစ်ပါတယ်။ '

ဒီဝတ္ထုတိုတွေက ကျွန်တော့်နှလုံးသား၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်ရဲ့ ရင်သွေးငယ်များလို့ တင်စားမယ်ဆိုရင်လည်း မမှားပါဘူး။

ကျွန်တော့်ရဲ့ဘဝမှာ အဖြစ်ချင်ဆုံးဘဝတွေက စာရေးဆရာ၊ အဆိုတော်ပါ။ စာရေးဆရာ၊ အဆိုတော်ဘဝကို ခြောက်တန်းကျောင်းသား အ ရွယ်က စိတ်ကူးတွေနဲ့ ရူးသွပ်ခဲ့ရဖူးပါတယ်။ အိပ်မက် မက်ခဲ့ရတယ်။
ငယ်စဉ်ကလေးဘဝမှာလည်း အဆို၊ အက၊ စာရေး၊ စာဖတ်အလုပ်တွေမှာ ကျွန်တော် ဝါသနာ ထုံခဲ့တယ်။ ကျွန်တော် ပညာသင်ကြားခဲ့တဲ့ စာသင် ကျောင်းရဲ့ အာစရိယပူဇော်ပွဲ၊ ပဒေသာကပွဲတွေမှာတော့ ကျွန်တော်က ပွဲတိုင်းကျော်တစ်ယောက်ပေါ့ဗျာ… ။တကယ်တမ်း ဇာတိမြေဖြစ်တဲ့၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာ မြို့နယ်၊ ဥဒိန်ရွာကနေ ထွက်လာခဲ့ပြီး ရန်ကုန်မြေကို (၂၀၀၇)ခုနှစ်မှာ မမျှော်လင့်ဘဲ ခြေချခွင့်ရခဲ့တယ်။ ရန်ကုန်မြေကို ရောက်လာတာနဲ့ ငယ်စဉ် ကလေးဘဝက ဖြစ်ချင်တဲ့ စာရေးဆရာ၊ အဆိုတော်ဘဝနှစ်ခုမှာ အဆို တော်ဘဝကို စတင်ပြီး ပုံဖော်ဖြစ်ခဲ့တယ်။

အောင်မြင်ကျော်ကြားပြီး ပရိသတ် လက်ခံတဲ့ အဆိုတော် တစ်ယောက်အဖြစ်တော့ ကျွန်တော် ဖြစ်ခွင့်မရခဲ့ဘူး။ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ မြန်မာ့အသံ၊ မြဝတီနဲ့ MRTV 4 တို့ရဲ့ ရုပ်မြင်သံကြား

အစီအစဉ်တွေမှာတော့ သီချင်းပုဒ်ရေ လေးဆယ်ကျော် သီဆိုရိုက်ကူးဖြစ် ခဲ့တယ်။

စာရေးဆရာအဖြစ် ပုံဖော်ဖြစ်ခဲ့တာကလည်း ဆန်းကြယ်တယ် ပြောရမယ်။ သီချင်းတွေ ရိုက်ကူးခဲ့တဲ့ အချိန်မှာ စိတ်ညစ်စရာမျိုးစုံ၊ ပျော်ရွှင်စရာမျိုးစုံတွေနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲဒီ တုန်းက ဘဝမှာ ပျော်ရွှင် နေရတဲ့ အချိန်တွေထက် နေ့စဉ်နဲ့အမျှ စိတ်ညစ်နေရတဲ့ အချိန်တွေကပဲ ပိုပြီး များခဲ့တယ်။ စိတ်ညစ်စရာတွေ ကြုံလာတိုင်း ရင်ထဲမှာ ခံစားရတဲ့ ခံစားချက်တွေကို စာအုပ်တစ်အုပ်ထဲမှာ အမြဲတမ်း ချရေးဖြစ်ခဲ့တယ်။

'' ကျွန်တော့်ကို နှိမ့်ချ ဆက်ဆံခဲ့တဲ့လူ

ကျွန်တော့် အပေါ်မှာ လူလည်ကျသွားတဲ့လူ

ကျွန်တော့်ကို အကူအညီပေးခဲ့တဲ့လူ

အဆင့်အတန်း မခွဲခြားတဲ့လူ

တန်းတူရည်တူ ဆက်ဆံတတ်တဲ့လူ

မေတ္တာတရား ကြီးမားတဲ့လူ

ကျွန်တော့်ကို မိသားစုဝင်တစ်ဦးကဲ့သို့ နွေးနွေးထွေးထွေး ကြိုဆိုပေးခဲ့တဲ့လူ

ဆရာ ပီသလွန်းတဲ့လူ '' စတဲ့ ကျွန်တော့်နဲ့ ထိတွေ့ ပတ်သက်ခဲ့ရ တဲ့ လူတွေရဲ့ ရုပ်ရည် ပုံပန်းသဏ္ဍာန်၊ စိတ်နေ စိတ်ထား၊ စကားပြောသံ တွေကို လူတစ်ဦးချင်းစီရဲ့ နာမည်နဲ့ ခေါင်းစဉ်တပ်ပြီး အက်ဆေးပုံစံမျိုး တွေ ရေးဖြစ်ခဲ့တယ်။ တစ်နေ့တာမှာ ဖြစ်ပျက်ခဲ့သမျှ အဖြစ်အပျက်တွေ ကိုလည်း စိတ်ကူးရတိုင်း၊ စိတ်ညစ်တဲ့ အခါတိုင်းမှာ မှတ်တမ်းအနေနဲ့ ရေးဖြစ်ခဲ့တယ်။ တစ်နှစ်ကျော်လောက် သီချင်းဆိုဖို့ ကြိုးစားပြီးတဲ့နောက်

မှာတော့ သီချင်းဆက်ပြီး သီဆိုဖို့အတွက် ကိုယ့်ကိုယ်ကိုယ်

ယုံကြည်ချက် က မရှိတော့ပြန်ဘူး။

ကျွန်တော်ကိုယ် ကျွန်တော် အမှန်အတိုင်း မြင်ကြည့်ပြန်တော့၊ ကျွန်တော့်ရဲ့ ပင်ကိုယ်ရုပ်ရည်အခံက မသားနားလှဘူး။ ခန္ဓာကိုယ်ကလည်း ပိန်ပိန်ညှောင်ညှောင်။ ဗလက မရှိ။ အဝတ်အစား ဝတ်ဆင်တာကလည်း ဖက်ရှင်မကျ။ ပိုက်ဆံကလည်း စီးရီးတစ်ခွေ ထုတ်နိုင်လောက်အောင်ထိ မချမ်းသာ။ ရန်ကုန်မှာက အားကိုးစရာ ဆွေမျိုးကလည်း မရှိတော့ သီချင်း ဆက်ဆိုလည်း ဘယ်လိုမှ မအောင်မြင်နိုင်ဘူးလေ…။

အဲဒါကြောင့် သီချင်းဆိုတဲ့ အလုပ်ကို နားလိုက်တယ်။ တစ်နေ့ နေ့မှာတော့ အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်အောင် ကြိုးစားဦး မှာပါ။ အားမလျှော့သေးပါဘူး။ အခုတော့လည်း သီချင်းတွေ ပြန်ဆိုဖို့ နောက်ထပ် တစ်ကြိမ်ပြန်ပြီး ကြိုးစားနေပါပြီ။

သီချင်းဆိုတာကို ရပ်လိုက်တော့မယ်လို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချပြီးတဲ့ ညမှာပဲ တိုက်တိုက်ဆိုင်ဆိုင် မြဝတီရုပ်သံကနေ မေးမြန်းစူးစမ်း ကဏ္ဍ လာနေတယ်။ မေးမြန်းစူးစမ်းကဏ္ဍကနေ မဝါကြီး ( အစီအစဉ် တင်ဆက်သူ မခင်ဝါဝါမြင့်)နဲ့ ဆရာမ မစန္ဒာတို့ရဲ့ စာပေအင်တာဗျူးကို အမှတ်မထင် နားထောင်ခွင့်ရလိုက်တယ်။

အဲဒီ စာပေ အင်တာဗျူးက ကျွန်တော့်ဖြစ်ချင်တဲ့ နောက်ထပ်ဘဝ တစ်ခုကို အမှတ်မထင် မီးမောင်းထိုးပြသွားခဲ့တယ်။ ဝတ္ထုတိုတွေ ဖန်တီး ဖို့အတွက် စိတ်ကူးတွေ ရလာခဲ့တယ်။ စာပေရေးသားမှု သဘောတရား တွေကို အတော်သိလိုက်ရတယ်။

အဲဒီ အချိန်ကစပြီး ဆရာမ မစန္ဒာ ကို ကျွန်တော့်ရင်ထဲကနေ 'အမေ' လို့ လှိုက်လှိုက်လှဲလှဲ ခေါ်နေမိတယ်။ အမေ (ဆရာမ မစန္ဒာ)က သူ့ရဲ့ စာပေဖန်တီးမှုတွေနဲ့ နှိုင်းယှဉ်ပြီး ဝတ္ထုတို၊ ဝတ္ထုရှည်ဖန်တီးခြင်းတွေကို

တီဗွီဖန်သားပြင်ကနေ မဝါကြီးနဲ့ အတိုင်အဖောက်ညီညီ ဆွေးနွေးသွား ကြတယ်။ နောက်ပိုင်း စာရေးဆရာအသင်းကနေ စာရေးနည်းလမ်းညွှန် သင်တန်းမှာ သင်ဆရာအဖြစ် သင်ခွင့်ရတော့ပြန်တော့လည်း ဆရာမ မစန္ဒာကို '' ဆရာမ'' လို့ ခေါ်လို့မရတော့ဘူး။ ရင်ထဲကနေ ခေါ်နေကျ အမေ '' လို့ လှိုက်လှိုက်လှဲလှဲ ခေါ်နေမိတယ်။

အဲဒီ နေ့ မြဝတီရုပ်သံမှာ ထုတ်လွှင့်ခဲ့တဲ့ အမေရဲ့ စာပေအင်တာဗျူးကို နားဆင်ခွင့်မရခဲ့ရင်၊ အခုလို စာရေးသူတစ်ယောက်လည်း ကျွန် တော်ဖြစ်လာမှာ မဟုတ်ပါဘူး။

ဒါကြောင့် စာပေနဲ့ ပတ်သက်ပြီး ကျွန်တော့် ဘဝရဲ့ ပထမဦးဆုံး သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာက အမေ (ဆရာမ မစန္ဒာ)ပါပဲ။

အမေရဲ့အင်တာဗျူးကို နားထောင်ပြီးတဲ့နောက်မှာတော့...

အမေကြီးကြူ (ဆရာမ ကြူကြူသင်း)

အမေ (ဆရာမ မစန္ဒာ )

ဆရာမ ခင်ခင်ထူးနဲ့ ဆရာမ မိချမ်းဝေတို့ရဲ့ ဝတ္ထုတိုတွေကို သဲကြီးမဲကြီးဖတ်ပြီး စာရေးသားနည်းတွေကို အတုယူခဲ့ရတယ်။

ကျွန်တော့်ရဲ့ စာပေဘဝမှာ ပထမဦးဆုံးရေးဖြစ်တဲ့ ဝတ္ထုတိုက 'မှားလား' ဝတ္ထုတိုပါ။ 'မှားလား' ဝတ္ထုတိုကို စတင်ဖန်တီးဖြစ်ခဲ့တာ ကလည်း မှတ်မှတ်ရရပါပဲ။ 'မှားလား' ဝတ္ထုတိုကို တစ်ပတ်တိတိ စိတ်ကူးရ တိုင်း ရေးဖြစ်ခဲ့တယ်။ ပြင်လိုက် ဖျက်လိုက်နဲ့ တစ်ပတ်ပြည့်တဲ့နေ့မှာပဲ ' မှားလား' ဝတ္ထုတိုကို အဆုံးသတ်နိုင်ခဲ့တယ်။

ဝတ္ထုတိုတွေကို နှစ်ပုဒ်၊ သုံးပုဒ်လောက်ရေးပြီးတဲ့ နောက်ပိုင်းမှာ တော့၊ ဆရာဒဿကျော်စွာရဲ့ ပညာဒါနအဖြစ် ဖွင့်လှစ်ခဲ့တဲ့၊ စာရေးနည်းနဲ့ စာနယ်ဇင်းသင်တန်းကို ကျွန်တော် တက်ဖြစ်ခဲ့တယ်။ အဲဒီ သင်တန်းမှာပဲ

မှတ်မှတ်ရရ '' မှားလား '' ဝတ္ထုတိုက သင်တန်းသား၊ သင်တန်းသူများရဲ့ ဝတ္ထုတိုပြိုင်ပွဲမှာ တတိယဆု ရခဲ့တယ်။

တကယ်တော့ '' မှားလား '' ဝတ္ထုတိုကြောင့်သာ ကျွန်တော်က စာရေးသူတစ်ယောက် ဖြစ်လာခဲ့ရတာ ပါ။ စာပေနဲ့ပတ်သက်ပြီး ဆရာ ဒဿကျော်စွာကလည်း ကျွန်တော့်ဘဝရဲ့ သင်ဆရာ နောက်တစ်ဦးပါပဲ။ ဆရာ့ရဲ့ကျေးဇူးတော်ကြောင့်သာ လုံးချင်းတွေကို ဖန်တီးရေးသားနိုင်ခဲ့ တာပါ။

နောက်ပိုင်းမှာလည်း စာရေးသားခြင်းနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ကို တက်ဖြစ်ခဲ့တယ်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ( ဗဟို )က ဖွင့်လှစ်ခဲ့တဲ့ စာ ရေးနည်းသင်တန်း (၃/၂၀၁၂)၊ ရုပ်ရှင်အစည်းအရုံးက ဖွင့်လှစ်ခဲ့တဲ့

ဇာတ်လမ်း၊ ဇာတ်ညွှန်းသင်တန်း (၁/၂၀၁၃)တို့ တက်ပြီးတဲ့နောက်ပိုင်း မှာတော့၊ စာရေးရတာ အတော့်ကို အဆင်ပြေလာတယ်။ အရသာရှိလာ တယ်။ အဆိပ်သင့်စာပေ မဖြစ်အောင်လည်း ဆင်ခြင်နိုင်ခဲ့တယ်။ ဝတ္ထုတို တွေကိုလည်း ပိုပြီး အားသွန်ခွန်စိုက် ရေးသားနိုင်ခဲ့တယ်။

ဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည်၊ ဆောင်းပါး၊ အက်ဆေး ( ရသစာတမ်း)၊ လုံးချင်း၊ ဇာတ်ညွှန်းစတဲ့ စာပေပုံစံမျိုးစုံကို ကြိုးစားပြီး ရေးသားနိုင် ခဲ့တယ်။

ဆရာမကြီး မမိုးမြေရဲ့ '' ဝတ္ထုရှည် သဘောတရားနဲ့ ဝတ္ထုရှည် အတတ်ပညာ '' ဆိုတဲ့ စာအုပ်ကလည်း ကျွန်တော့် လုံးချင်းရေးဖို့အတွက် များစွာ အထောက်အပံ့ရခဲ့တယ်။ ကိုယ့်အပြစ်တွေကို ကိုယ်ကိုယ်တိုင် ရှာဖွေနိုင်အောင်အထိ အသိတွေ တိုးစေခဲ့တယ်။ အခုအချိန်ထိ လုံးချင်း ရေးလို့ အခက်အခဲတွေ့တိုင်းမှာ ဆရာမကြီး မမိုးမြေရဲ့ စာအုပ်ကို ပြန်ပြီး ဖတ်ကြည့်နေရဆဲပါ။

ဆရာ ဒဿကျော်စွာရဲ့ စာရေးနည်းသင်တန်းတက်ပြီး နောက် ပိုင်းမှာတော့၊ ဝတ္ထုတို ဆယ်ပုဒ်လောက် ရေးပြီးသွားပြီ။ ပထမဦးဆုံး နာ မည်ကျော်

စာပေမဂ္ဂဇင်းနှစ်စောင်ကို စမ်းပြီး ကလောင်သွေးကြည့်တယ်။ မဂ္ဂဇင်းနှစ်စောင်စလုံးက ကျွန်တော့်ပို့ထားတဲ့ ဝတ္ထုတိုတွေကို သုံးမယ်ဆိုပြီး တော့ အကြောင်းပြန်လာတယ်။

မဂ္ဂဇင်း စာမျက်နှာပေါ်မှာ ပုံနှိပ်စာလုံးအဖြစ် ပါလာဖို့အတွက် အချိန်ရှစ်လ စောင့်ခဲ့ရပါတယ်။ အချိန်ကုန်သွားတာသာ အဖတ်တင်ပြီး ကျွန်တော့် ဝတ္ထုတိုတွေက မဂ္ဂဇင်း စာမျက်နှာပေါ်မှာ ပုံနှိပ်စာလုံးအဖြစ် ရောက်မလာခဲ့ဘူး။ ကျွန်တော် စာမူပို့ထားတဲ့ မဂ္ဂဇင်းနှစ်စောင်ကို အကျိုး သင့် အကြောင်းသင့် ဖုန်းဆက်ပြီး မေးကြည့်တော့၊ မဂ္ဂဇင်းတစ်စောင်က ကျွန်တော် စာမူ မပို့ဘူးဆိုပြီး ငြင်းတာကို ခံရတယ်။

ကျွန်တော်လည်း မခံချင်တာနဲ့ စာမူ လက်ခံရရှိကြောင်း ရေးပေး ထားတဲ့ စာရွက်ကလေးကို သွားပြလိုက်တော့၊ 'စာမူပျောက် သွားလို့ပါ' ဆိုပြီး ပြောလွှတ် ပြန်တယ်။ 'ဘာကြောင့် စာမူပျောက် ရတာ လဲ' ဆိုပြီး ကျွန်တော်က မေးတော့...

'' ဒီလိုပဲ စာမူပျောက်တတ်တယ်။ မင်းစာမူတင် ပျောက်တတ်တာ မဟုတ်ဘူး။ နာမည်ကြီး စာရေးဆရာတွေရဲ့ စာမူလည်း ဒီလိုပဲ ပျောက် တတ်တယ်။ ငါတို့မဂ္ဂဇင်းမှာ ပါချင်ရင်တော့ နောက်ထပ်စာမူ ထပ်ပို့လေ'' ဆိုပြီး အယ်ဒီတာလူကြီးက လေသံခက်ထန်စွာနဲ့ ပြောလာတယ်။ သူ့အသံ က ဒေါသသံတွေ ထုံမွှန်းနေတယ်။

ကျွန်တော်လည်း အဲဒီ မဂ္ဂဇင်းကို နောက်ထပ် စာမူ မပို့တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ စာမူတစ်ပုဒ်ကိုတောင် မပျောက်မရှအောင် ထိန်း သိမ်းနိုင်စွမ်းမရှိတဲ့ မဂ္ဂဇင်းကို ဘယ်လိုမှ အထင်ကြီးလို့လည်း မရတော့ ဘူးလေ။ ယုံကြည်ချက်က ပျက်ယွင်းသွားခဲ့ပြီ။

နောက်ထပ် မဂ္ဂဇင်းတစ်စောင်ကတော့ ကျွန်တော့်နှလုံးသားကို

ဒဏ်ရာတွေသာ ပေးခဲ့တယ်။

'' စာမူ သုံးဖြစ်လား '' ဆိုပြီး ကျွန်တော်က ဖုန်းဆက်ပြီး မေးတော့၊ အယ်ဒီတာက မဂ္ဂဇင်းမှာ ကျွန်တော့် စာမူကို သုံးမယ့်အကြောင်းကို 'လ' အတိအကျနဲ့ အကြောင်းပြန်လာတယ်။ အဲဒီ တုန်းကဆို ကျွန်တော် အလွန် ပဲ ပျော်ရွှင်ခဲ့ရတယ်။ ကိုယ့်ဝတ္ထုရဲ့ သရုပ်ဖော် ပန်းချီလေးတွေကိုလည်း စိတ်ကူးတွေနဲ့ ပုံဖော်ကြည့်မိတယ်။

တကယ်တမ်း မဂ္ဂဇင်း အယ်ဒီတာ ပြောထားတဲ့ 'လ' ကိုရောက်လာ တော့၊ ကျွန်တော့်စာမူက မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ပုံနှိပ်စာလုံးအဖြစ် ပါမလာခဲ့ဘူးလေ... ။

'' ဘာဖြစ်လို့ ကျွန်တော့်စာမူ ပါမလာတာလဲ '' ဆိုပြီး အယ်ဒီတာ ဆီကို ဖုန်းဆက်မေးတော့...

'' နာမည်ကြီး စာရေးဆရာတစ်ယောက်ရဲ့ ဝတ္ထုတိုတစ်ပုဒ် တက်လာလို့ မင်းစာမူကို ဖြုတ်ချခဲ့တယ်။ မသုံးဖြစ်တော့ဘူး '' ဆိုပြီး အယ်ဒီတာရဲ့ စကားသံက ကျွန်တော့် နှလုံးသားကို ဓားနဲ့ ထိုးလိုက်တာ ထက်ကို ပိုပြီး နာကျင်ရပါတယ်။ အခုတစ်ခါ ပြန်ပြီး စဉ်းစားမိတိုင်းလည်း ရင်နာ အသည်းနာရပါတယ်။

နောက်ထပ် မဂ္ဂဇင်းတိုက်တွေကို စာမူလိုက်ပို့ဖို့အတွက် အတော် ကို ဝန်လေးနေမိတယ်။ ကျွန်တော့်ရဲ့ စိတ်အာရုံမှာလည်း သူ့အလိုလို ကြောက်နေမိတယ်ဗျာ... ။

တကယ်ဆို စာမူသုံးဖြစ် မသုံးဖြစ်ကို ဖုန်းစပြီး ဆက်ကတည်းက မသုံးတော့ရင်၊ မသုံးဖြစ်တဲ့အကြောင်း ပွင့်ပွင့်လင်းလင်းပြောလိုက်ပါ တော့လားဗျာ... ။ အခုတော့ အယ်ဒီတာရဲ့လုပ်ရပ်က လူငယ်တစ်ယောက် ကို မျှော်လင့်ချက်တွေ ပေးပြီးမှ သတ်ပစ်တယ်။ နောက်ပြီး အညွန့်တလူလူ တက်နေတဲ့ ကျွန်တော့်ရဲ့ စိတ်ဓာတ်ခွန်အား အညွန့်အဖူးတွေကို ရိုက်ချိုး ပစ်လိုက်တာနဲ့လည်း

တူတယ်။

ကိုယ်ပြောတဲ့ စကားတစ်ခွန်းကိုတောင် တန်ဖိုးမထားတတ်တဲ့ အယ်ဒီတာတစ်ယောက်ကြောင့် နောက်ထပ် ဘယ်မဂ္ဂဇင်းကိုမှ စာမူလိုက် မပို့ဖြစ်တော့ဘူး။ စာမူလိုက်ပို့တဲ့ အလုပ်ကိုလည်း ကျွန်တော် လုံးဝ မလုပ် ဖြစ်တော့ဘူး။ ယုံကြည်ချက်လည်း မရှိတော့ဘူးလေ...။

မဂ္ဂဇင်းတွေမှာ စာမူ မပို့ဘဲ၊ စာမူ ဖော်ပြခြင်း မခံရဘဲ၊ စာရေးသူ ဖြစ်ကို ဖြစ်စေရမယ်ဆိုပြီး ကျွန်တော့်စိတ်ထဲမှာ ကြုံဝါးလိုက်တယ်။ စာမူ တောင်းမှပေးမယ်၊ မတောင်းရင်၊ ဘယ်တော့မှ မပေးတော့ဘူးဆိုပြီး စိတ် ပိုင်းဖြတ်ထားတယ်။ အဲဒီ အချိန်ကစပြီး ဝတ္ထုတိုတွေကို စိတ်ကူးရတိုင်း ရေးဖြစ်တယ်။ စိတ်ကြိုက်ရေးလို့ ပြီးသွားရင်တော့ ကိုယ့်ဖာသာကိုယ် စာဖတ်သူ တစ်ယောက်အနေနဲ့ ခံစားပြီး စာမူလေးတွေကို သေတ္တာထဲမှာပဲ အိပ်စက် အနားယူခိုင်းလိုက်တော့တယ်။

အခုတော့လည်း ကျွန်တော့်သေတ္တာထဲမှာ အိပ်စက် အနားယူခိုင်း ထားတဲ့ စာမူလေးတွေက ပုံနှိပ်စာလုံးအဖြစ် ဂျာနယ်၊ မဂ္ဂဇင်းနဲ့ ဝတ္ထုတို စုစည်းမှု စာအုပ်တွေမှာ အသီးသီး ပုံနှိပ်ဖော်ပြပြီးရုံတင်မက လုံးချင်း စာအုပ်အဖြစ်ပါ ထွေးထွေးပိုက်ပိုက် စုစုစည်းစည်း မြင်တွေ့ရပြန်တော့ လည်း ကျွန်တော် အလွန်ပဲ ပျော်ရွှင်ရပြန်တယ်ဗျာ...။

မဂ္ဂဇင်းနှစ်စောင်ကို စာမူပို့ခဲ့ ဝတ္ထုတိုနှစ်ပုဒ်ရဲ့အမည်က

'' မှားလား '' ဝတ္ထုတိုနဲ့

'' သားကြွေး သမီးကြွေး'' ဝတ္ထုတိုတို့ပဲ ဖြစ်ပါတယ်။

အဲဒီ ဝတ္ထုတို နှစ်ပုဒ်က ကျွန်တော့်ဘဝအတွက် အမှတ်ရစရာ စာမူ နှစ်ပုဒ်ပါပဲ။ အဲဒီ စာမူ နှစ်ပုဒ်ကို ကျွန်တော့်ရဲ့ စာချစ်သူများ ခံစားကြည့်ကြ ပါဦး။

နောက်ပြီး ကျွန်တော့်ရဲ့ရင်ထဲမှာ အနှစ်နှစ် အလလက အလွှန်ပဲ ချစ်ခင်လေးစားရတဲ့၊ စာပေမိခင် နှစ်ဦးဖြစ်တဲ့...

အမေကြီးကြူ (ဆရာမ ကြူကြူသင်း)

အမေ (ဆရာမ မစန္ဒာ)တို့ရဲ့ အမှာစာတွေနဲ့ စာအုပ်ကို ခမ်းခမ်း နားနား မြင်တွေ့ရပြန်တော့လည်း ကျွန်တော်ပိုပြီး ဝမ်းသာ ကြည်နူးရပြန် တယ်။ နောက်ထပ် ဝတ္ထုတိုတွေကို ဆက်လက်ပြီး ဖန်တီး ရေးသားနိုင်ဖို့ အတွက် ခွန်အားတွေ ရှိလာရပြန်တယ်။

ဘယ်လို အခက်အခဲပဲတွေ့တွေ့ အသက်နဲ့ခန္ဓာ တည်မြဲနေသရွေ့ တော့၊ ကိုယ်အာရုံကျရာ စာတွေကို ခွန်အားရှိသရွေ့ ကြိုးစားပြီး ဖန်တီး ရေးသားနေဦးမှာပါ။

စာပေရေးခြင်းက ကျွန်တော့် အလွှန်ဖြစ်ချင်လွန်းတဲ့ ကျွန်တော့် ဘဝရဲ့အိပ်မက်တွေပဲ မဟုတ်ပါလား... ။

စာပေချစ်သူ မြတ်နိုးသူများ

သောက ကင်းဝေးသော ဘဝများစွာကို ပိုင်ဆိုင်နိုင်ကြပါစေ။

**ဟန်သုသော်**

**၂၇. ၉. ၁၄**

**www.facebook.com .hanthuethaw**

*